# သောင်းဝေဦး

အမှတ်တရတိုက်ပွဲများ အမှတ်(၈)

# မော်ဗဒေသတိုက်ပွဲများ





သောင်းဝေဦး

# စာရေးသူ၏ အမှာ

အမှတ်တရတိုက်ပွဲများ Series အမှတ် (၈) သို့ ရောက်ခဲ့ပါပြီ။

ဒီတစ်ခါတော့ မမေ့နိုင်သော မော်ဖဒေသတိုက်ပွဲများ အကြောင်း ရေးပါမည်။

မော်ဖကို ဘာကြောင့်မမေ့ပါသလဲ။ အကြောင်းရှိပါ၏။

၁၉၈၈ ခုနှစ် ဇူလိုင်လတွင် တပ်မတော်၌ ကျွန်တော် အဖြစ်ချင်ဆုံး၊ အတောင့်တဆုံး တပ်ရင်းမှူးဖြစ် လာပြီး တပ်က ရန်ကုန်၊ ရွှေပြည်သာမှာ ။ စစ်ဆင်ရေးတာဝန်ကတော့ ရှမ်းပြည်နယ် တောင်ပိုင်းက မိုင်းရှူးနဲ့ မော်ဖဒေသ။ ရှေ့တန်းနဲ့ နောက်တန်း ရေမြေတောတောင်သဘာဝလုံးဝ ကွာခြားလှပါ၏။

တပ်ရင်းမှူးတာဝန်တက်လဲတော့ မိုင်းရှူးသွားလဲရသည် ။ ရန်ကုန်မှ မိုင်းရှူးသို့ ရထားတစ်တန်၊ ကားတစ်တန် သွားရသည် ။ ရန်ကုန်မှ ပဲခူးသို့ ကားဖြင့်၊ ပဲခူးမှ ရွှေညောင်သို့ ရထားဖြင့်၊ ရွှေညောင်မှ တောင်ကြီး လွိုင်လင်လဲချား မိုင်းနောင် ထိုမှ သည် မိုင်းရှူးသို့ ကားဖြင့်။

မိုင်းရှူးကား နမ့်ပန်ချောင်းနှင့် သံလွင်မြစ်ကြားက တောင်ကြားမြို့ကလေး ဖြစ်၏။ ပတ်ဝန်းကျင်မှာ တောတွေ တောင်တွေ အထပ်ထပ် ဝန်းရံနေ၏။ လူနေအိမ်ခြေကလည်း ကျဲပါးသည် ။ ထိုစဉ်က မိုင်းရှူးဒေသက ပတ္တမြားမထွက်သေးပါ။ သောင်းကျန်းသူ ဗကပနှင့် SSA များ သာ

ကျက်စားလျက်ရှိသဖြင့် မိုင်းရှူးဆို ဝန်ထမ်းများက ဟင်ဆို နှာခေါင်းရှုံ့ကြ၏။ ကျွန်တော် တို့ စစ်သားများ သာ အမိန့်နာခံရသူများ မို့ ထားရာနေ စေရာသွား ဘယ်လွှတ်လွှတ် ချီတက်ကြရသည် သာ။ မိုင်း ရှူးက ငှက်ဖျားလည်း ဆိုးလှပါ၏။ မိုင်းရှူးငှက်က အသက်ပါ ပါလေ့ ရှိ ၏။

မိုင်းရှူးရောက်ပြီး မကြာမီမှာ ပင် သံလွင်အနောက်ဘက်ကမ်းက ကျွန်တော့်တပ်က စခန်းများကို လိုက်စစ်ရသည် ။ စစ်သည် များ မြို့ရွာ နှင့် ဝေးလံသီခေါင်သည့် တောတွေတောင်တွေထဲ ရှေ့တန်းစခန်းများ တွင် အထီးကျန် နေနေကြသည် ကို မြင်ရသောအခါ စိတ်မကောင်းဖြစ် မိပါသည် ။ ပါလာသည့် လက်ဆောင်ပစ္စည်းလေးများ ပေးရင်း-

"အေးကွာ... မင်းတို့ ကြည့်ရတာ စားစရာ သောက်စရာ တော်တော် ရှားရှားပါးပါး ဖြစ်မယ်။ လိုတာပြော မိုင်းရှူးက ပို့ပေးမယ်။ ခုလည်း တို့ တတ်နိုင်တာလေးတွေ ယူလာတယ်"

ဟု ကျွန်တော်က ပြောမိ၏။

သူတို့ တစ်တွေက တပ်ရင်းမှူးအသစ်၏ လက်ဆောင်နှင့် ကရုဏာ ကို ကျေနပ်စွာ ခံယူရင်း-

"ဒီမှာ ဒါလောက်ကြီး မခက်ခဲပါဘူး။ ခက်ခဲတာကတော့ ဟိုဘက်က မော်ဖပဲခင်ဗျ"

သံလွင်မြစ်ကြီး အရှေ့ဘက်ရှိ ညို့ညို့မှိုင်းမှိုင်း ဆိုင်းဆိုင်းဆို့ဆို့နှင့် အလိပ်အလိပ် ထနေသော တောင်ကြီးများကို ညွှန်ပြကာ ပြောကြသည် ။

"ဟော.. ဟုတ်လား"

"ဟုတ်တယ် တပ်ရင်းမှူး။ ဒီမှာ နေရတာ မဆိုးပါဘူး။ ဒါပေမဲ့ မော်ဖကတော့ အများကြီး ဆိုးတယ်ခင်ဗျ။ ရန်သူနဲ့ ရင်ဆိုင်ကုန်းတွေချည်းပဲ ။ တောင်တွေက တောင်ပြောင်တွေ၊ မိုင်းတွေကလည်း တဂျိမ်းဂျိမ်းကွဲ၊ စားစရာကလည်း ဘာမှ မရှိဘူး။ တပ်ရိက္ခာကိုပဲ အားကိုးနေရတာ။ ရွာတွေလည်း မရှိဘူး။ တောင်ဖြုတ်တွေကလည်း ကိုက်သလားမမေးနဲ့ ။ ရေက လည်း အလွန်ရှား"

"ဩော်"

သူတို့ က မော်ဖအကြောင်း ပဏာမ စပြောလိုက်ကြသည် ။

အင်း.... မော်ဖဆိုတာ တယ်မလွယ်လှပါလား။ စစ်ကြောင်းမှူးဘဝက စခန်းထိုင်ခဲ့ရတဲ့ ကျိုင်းတုံအရှေ့ခြမ်းက ဝမ်ကျင်းဆန်တောက်နဲ့ သိပ်မကွာဘူးထင်ရဲ့ ။ ထိုသို့ စဉ်းစားမိ၏။

မိုင်းရှူးတွင် တာဝန်ကျနေစဉ် ၈၈ အရေးအခင်းနှင့်ကြုံသည် ။ နည်းမျိုးစုံဖြင့် မိုင်းရှူးမြို့ကလေးကို နိုင်အောင်ထိန်းခဲ့ရ၏။ ၁၉၈၈ ခုနှစ်အကုန်တွင် မိုင်းရှူးက ပြန်ခဲ့ရ၏။ ပြဿနာ သိပ်ကြီးကြီးမားမား မရှိခဲ့ပါ။ မိုင်းရှူးငှက်မိ၍ သတိမရတစ်ချက် ရတစ်ချက်နှင့် သီတင်း ၂ ပတ်ခန့် ဖျားခဲ့ခြင်းသာ ကျွန်တော့်အတွက် အသက်နဲ့ အနီးဆုံးဖြစ်ခဲ့ပါသည် ။

မိုင်းရှူးက ပြန်ရောက်ပြီး တပ်နားချိန်၌ တပ်ကို ပြန်ဖွဲ့စည်းရ၏။ အရေးအခင်းပြီးဆုံးပြီမို့ အရာရာ နေသားတကျ ပြန်ဖြစ်နေပါပြီ။ ရန်ကုန်ရှိ တပ်ရင်းနောက်တန်းအတွက် စိတ်မပူရတော့ပါ။

"တပ်ရင်းမှူး ဒီတစ်ခါတော့ မော်ဖပဲနော်"

တပ်လာစစ်သည့် တပ်မမှူးက ပြောသည် ။

"ဟုတ်ကဲ့ပါခင်ဗျ"

“လိုတာတွေပြင်လာခဲ့ပါ။ မော်ဖက အစစအရာရာ အလွန်ရှားပါးတယ်။ ယူနိုင်တာတွေ ယူလာခဲ့”

“ဟုတ်ကဲ့ပါခင်ဗျ”

ဤသို့ဖြင့် ၁၉၈၉ ခုနှစ် နှစ်ဆန်းတွင် မော်ဖကို ပထမအကြိမ် ရောက်သွားသည် ။ မိုင်းရှူးမှ ထွက်ကတည်းက ခြေကျင်ပါပဲ။ မိုင်းရှူးမှ ဝိန်းနောင်ကူးတို့ ဆိပ်သို့။ ထိုမှ သံလွင်မြစ်ကြီးကို ကူးရသည် ။ ကူးပြီး မော်ဖတောင်ခြမ်း တာဝန်တက်ယူရသည် ။

မော်ဖတောင်ခြမ်းမှာ ၆လ ကြာပါသည် ။ ရိက္ခာ၊ စုပုံကာလနှင့် သွားကြိုနေသည် ။ မော်ဖ ဒေသတောင်များက ပေသုံးလေးထောင်မှ သည် ၆၀၀၀/ ၇၀၀၀ ထိ ရှိတတ်၏။ သစ်ကြီးဝါးကြီး သိပ်မရှိ။ တောင်ပြောင်တွေက များ ၏။ ရန်သူနှင့် ငြိမ်းချမ်းရေးမရသေးသဖြင့် ခံစစ်ကျင်းများကို ချွေးပြိုက်ပြိုက်ကျအောင် တူးရင်း စစ်ဆင်ရေးကာလကို ကုန်လွန်ခဲ့ရသည် ။ ထိုကာလမှာ ပင် ဗိုလ်မှူးမှ ဒုဗိုလ်မှူးကြီးအဆင့် တိုးမြှင့်ရန် ယာယီတပ်ရင်းမှူး သက်တမ်းကာလလည်း တစ်နှစ်ပြည့်ခဲ့ပြီ။

တပ်ပြန်ဝင်တော့ ဒုဗိုလ်မှူးကြီးဖြစ်တော့၏။

ဒုဗိုလ်မှူးကြီးဖြစ်ပြီး ၁၉၉၀ ခုနှစ် မတ်လတွင် မော်ဖကို ပြန်တက်ရပြန်၏။ ဒီတစ်ကြိမ်မှာ ပိုပင်ပန်းလှပါသည် ။ ဒီတစ်ခါတော့ မော်ဖမြောက်ခြမ်း ဖြစ်၏။ ရန်သူ ဗကပများ နှင့် ရင်ဆိုင်ကုန်းများ ။ တွယ်နောက်၊ လုံနောက်နှင့် နာမည်ကျော် ပွိုင့် ၆၀၂၈ ကုန်းကြီး၊ ကျွန်တော်နှင့် စစ်ကြောင်း (၁) ဌာနချုပ်က ထိုပွိုင့် ၆၀၂၈ ကုန်းကြီးမှာ နေရ၏။ ဤကုန်းကြီးကား သမိုင်းဝင်ကုန်းကြီး ဖြစ်၏။ ၆၀၂၈ မှာ လေးငါးခြောက်လ နေခဲ့ရပါသည် ။ ရေမရှိ၊ စားစရာမရှိ။ ရန်သူသာ ရှိ

၏။ စွန့်လွှတ်မိုင်း များ နှင့် တောင်ဖြုတ်များ သာ ရှိ၏။ ပို့င့် ၆၀၂၈ ကုန်း ကြီး၏ မြောက်ဘက်မှုန်ပျပျတွင် ဗကပတို့ ၏ ပန်ယန်းနှင့် ပန်ဆန်းမြို့ များကို မိုးတိမ်များကြားမှ မသဲမကွဲမြင်ရပါသည် ။ ရန်သူဗဟိုနှင့် ရင်ဆို င်နေရ၍ စစ်ရေးသတိ အမြဲရှိရ၏။ မနက်တိုင်း Stand to တပ်အသင့် နေရာယူ ထလုပ်ရ၏။ အတူနေစစ်သည် များက အားလပ်ချိန်များ တွင် မော်ဖပုံပြင်များကို တစ်ပုဒ်ပြီးတစ်ပုဒ် ပြောပြကြ၏။

"မော်ဖကို ကျွန်တော်တို့ တပ်မက တိုက်ယူခဲ့တာ တပ်ရင်းမှူး။ လူ တွေအများကြီး အကျအဆုံးခံပြီး အတော်တိုက်ယူရတယ်"

သူတို့ ပြောသော ပုံပြင်များ တွင် တပ်မတော်၏ အံ့မခန်း စွန့်စားခန်း များ အများ ဆုံးပါ ပါ၏။ မြန်မာနိုင်ငံရှိ သောင်းကျန်းသူများ ထဲတွင် အ တော်ဆုံးဟု ဆိုနိုင်သော အရှေ့မြောက်ဒေသ ဗကပနှင့် မြန်မာ့တပ်မ တော်တို့ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြပုံများကို ရင်သပ်ရှုမော အံ့သြစ ရာ ကြားနာရပါ သည် ။

"သြော်... မော်ဖ ဇာတ်လမ်းတွေက တကယ့် အကြမ်းအရမ်းတွေချ ည်းပါပဲလား"

၁၉၉၀ နှစ်လယ်တွင် မော်ဖက ပြန်ဆင်းခဲ့ရသည် ။ အဲဒီကတည်းက မော်ဖကို လုံးဝပြန်မရောက်တော့။ ယခုဆို အနှစ် ၂၀ တောင်ကျော်ခဲ့ပြီပဲ ။

စစ်သားဖြစ်ရင် မော်ဖနေဖူးမှ ဟု ဆိုသူတွေက ဆိုကြ၏။ ကျွန်တော် ၏ စစ်သားဘဝ၌ မော်ဖတွင် တစ်နှစ်ခန့်နေခဲ့ဖူးပါ၏။ သို့ရာတွင် တိုက် ပွဲကြီးကြီးမားမား တစ်ပွဲမှ မတိုက်ခဲ့ရပါ။ ကိုယ် မတိုက်ခဲ့ရသော်လည်း ကျွန်တော့်အရင် ဤမော်ဖဒေသကြီးတစ်ခုလုံးအား တိုက်သိမ်းခဲ့ကြသ ည့် တိုင်းပြည်နဲ့ တပ်မတော်အတွက် အသက်သွေးချွေး ပေးဆပ်ခဲ့ကြသ

ည့် သီဟသူရ ဗိုလ်မှူးမောင်ရီ အပါအဝင် နောင်တော့်နောင်တော် တပ်မတော်သားကြီးများအား ဂုဏ်ပြုမှတ်တမ်းတင်လိုပါသည် ။ ထို့ကြောင့် ကျွန်တော်သိခဲ့သော၊ ကြားနာခဲ့ဖူးသော၊ မှတ်သားခဲ့ဖူးသော၊ ဖတ်ရှုခဲ့ဖူးသော မော်ဖဒေသ တိုက်ပွဲများအား စာရှုသူများ ထံ ရေးသားတင်ဆက်လိုက်ရပါသည် ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဝေဦး

၂၀-၅-၂၀၁၁

*

## အခန်း(၁)
## မော်ဖအကြောင်း သိကောင်းစရာ

### မော်ဖဆိုတာ ဘယ်မှာ လဲ

မော်ဖ... မော်ဖဟု သာ ပြောနေကြတာ မော်ဖကို စစ်သားများမှ လွဲ၍ သာမန်အရပ်သူ အရပ်သားများက သိခဲကြလှ၏။

မော်ဖဆိုသည် မှာ ရှမ်းပြည်နယ်တောင်ပိုင်း သံလွင်မြစ်အရှေ့ဘက်ခြမ်း နမ့်မခမြစ်နှင့် သံလွင်မြစ်ကြီးကြားနေရာဖြစ်၏။ တကယ်ဆိုတော့ ရှမ်းပြည်နယ်တောင်ပိုင်းဟု ပြောရမှာ တောင်ခပ်ခက်ခက်ဖြစ်ပါသည် ။ အဘယ်ကြောင့် ဆိုသော် ဗကပဗဟိုရုံးစိုက်သည့် မြောက်ပိုင်းမှ ပန်ယန်း။ ပန်ဆန်းနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသောကြောင့်ပင်တည်း။ ဆက်လက်ပြီး မော်ဖ၏ အဓိပ္ပာယ်ကိုလည်း ပြောလိုပါသေးသည် ။ မော်ဖဆိုတာ ရှမ်းစကားဖြစ်ပါ၏။ မော်ဆိုတာက အိုး၊ ဖဆိုတာက ဓား၊ ဓားတစ်စင်းနဲ့ အိုးတစ်လုံးသာရှိပါက ဘယ်တော့မှ ထမင်းမငတ်တဲ့ နေရာဟု အဓိပ္ပာယ်ရပါသည် ။ ဟုတ်မှာ ပေါ့ ခင်ဗျား ၊ ဓားနဲ့ တောင်ယာခုတ်၊ ပြီးတော့ ပါလာတဲ့ အိုးနဲ့ ရတဲ့ အသီးအရွက် အကောင်ပလောင်များ ချက်ပြုတ်စား၊ ဘယ်ထမင်းငတ်တော့မှာ လဲ။

ဤသည် မှာ ကျွန်တော်နေခဲ့ဖူးသော မော်ဖအကြောင်း နိဒါန်းအစပါ ခင်ဗျား။

## တည်နေရာ

မော်ဖသည် မြောက်ဘက်တွင် ပန်ယန်း၊ ပန်ဆန်း၊ အရှေ့ဘက်တွင် နမ့်မခမြစ်၊ တောင်ဘက်တွင် နမ့်မခမြစ်နှင့် တောင်ကြီး ကျိုင်းတုံပြည်ထောင်စု ကားလမ်းမကြီး၊ အနောက်ဘက် တွင် သံလွင်မြစ်ကြီး ကြားတွင် ရှိပေသည် ။ ပထဝီသဘောအရ ပြောရမည်ဆိုက မြောက်လတ္တီတွဒ် ၂၁ ဒီဂရီနှင့် ၂၂ ဒီဂရီကြား၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီနှင့် ၉၉ ဒီဂရီကြားဖြစ်ပေသည် ။

ဆက်စပ်မြို့နယ်များကို ဖော်ပြရပါက မြောက်ဘက်တွင် ပန်ယန်း၊ ပန်ဆန်းမြို့နယ်များ ၊ အရှေ့ဘက်တွင် မိုင်းခတ်၊ မိုင်းယန်းမြို့နယ်များ ၊ တောင်ဘက်တွင် တာကော်၊ မိုင်းပျင်းမြို့နယ်များ ၊ အနောက်ဘက်တွင် မိုင်းရှူးမြို့နယ်တို့ ရှိပေသည် ။

## မြေမျက်နှာပြင်

မြေမျက်နှာပြင်မှာ ရှမ်းကုန်းပြင်မြင့်ဒေသဖြစ်သည့် အတိုင်း အလိပ်အလိပ်ထနေသည့် တောင်ကုန်းတောင်တန်းများ သာ ပြည့်နှက်နေသည် ။ တောင်များ သည် ပေ ၂၀၀၀ / ၃၀၀၀ မှ သည် ပေ ၇၀၀၀ ကျော်အထိ ရှိတတ်ကြ၏။ မြစ်ချောင်းများမှာ အများအားဖြင့် မြောက်မှ တောင်သို့ စီးဆင်းနေကြ၏။ ထင်ရှားသော မြစ်ကြီးများမှာ အနောက်ဘက် သံလွင်မြစ်ကြီးနှင့် အရှေ့ဘက် နမ့်မခမြစ်တို့ ဖြစ်ကြပေသည် ။ ကျန်မြစ်များကား ချောင်းငယ်မြောင်းငယ်များ သာ ဖြစ်ကြကုန်သည် ။ မိုးတွင် ရေစီးသန်လှပေ၏။

## ရာသီဥတု

ရာသီဥတုမှာ ဆောင်းတွင် အအေးလွန်ကဲ၍ နွေတွင် အသင့်အတင့်သာ ပူပေသည် ။ မိုးရွာသွန်းမှုမှာ လက်မ ၈၀ မှ ၁၀၀ ကျော်အထိ ရှိတတ်၏။

## ပေါက်ရောက်ပင်များ

သဘာဝပေါက်ပင်များမှာ ရှမ်းကုန်းပြင်မြင့်တွင် တွေ့ရတတ်သည့် ထင်းရှူးတောကြီးများ သာ အများ ဆုံးပေါက်ရောက်၏။ တောင်ပေါ်သစ်တောများ နှင့် မြက်ပင်ရှည်ကြီးများ ၊ သက်ငယ်တောများ ၊ ဝါးတောများ လည်း ပေါက်ရောက်ပေသည် ။ အချို့ ထုံးကျောက်မြေအောက်ခံရှိသော တောင်ပြောင်ကြီးများ တွင် မြက်ခင်းပြင်များကို တမျှော်တခေါ် တွေ့ရတတ်ပေသည် ။

## နေထိုင်သောလူမျိုးများ

အဓိကနေထိုင်သောလူမျိုးများမှာ ဝ ခေါ် လွယ်လတိုင်းရင်းသားများဖြစ်သည် ။ အချို့နေရာများ တွင် သာ ကြိုကြားကြိုကြား ရှမ်းရွာလေးများကို တွေ့ရတတ်ပါသည် ။ အထူးသဖြင့် ဝတိုင်းရင်းသားများ သာ အများ ဆုံး နေထိုင်ကြ၏။ ထို့ကြောင့် မော်ဖကို ဝနယ်တောင်ပိုင်းဟု ရှေးပဝေသဏီကပင် ခေါ်ခဲ့ကြ၏။ ဟိုပန်၊ ပန်လုံ၊ မိုင်းမော၊ ပန်ဝိုင်တို့ ကား ဝနယ်မြောက်ပိုင်း ဖြစ်ပေသည် ။

## လမ်းပန်းဆက်သွယ်ရေး

လူနေကျဲပါးပြီး တောင်ကုန်းတောင်တန်းများ အလွန်ထူထပ်သဖြင့် သွားရေးလာရေးမှာ အလွန်ခက်ခဲပေသည် ။ များ သောအားဖြင့် လူသွား

လမ်းကလေးများ နှင့် လား၊ မြင်း ဝန်တင်လမ်းများ သာ ရှိ၏။

မော်ဖဒေသကို တပ်မတော်မှ သိမ်းပိုက်ပြီးသည့်နောက်တွင် ကား ပွင့်လင်းရာသီတွင် ကားများ သွား၍ ရအောင် ကားလမ်းများ ဖောက်ခဲ့၏။ စာရေးသူ မော်ဖတောင်ခြမ်း တာဝန်ယူခဲ့ သည့် ၁၉၈၉ ခုနှစ်၌ မက်မန်းမှ တာကော်လေးအထိ ကားလမ်းဖောက်၍ တာကော်လေးတွင် ဘေလီ သံတံတားထိုးပြီး မော်ဖ မိုင်းပျင်းကားလမ်းကို တပ်မတော်မှ ဆောင်ရွက်ပေးခဲ့၏။

ရေစီးသန်သောကြောင့် သံလွင်မြစ်ကြီးနှင့် နမ့်မခမြစ်တို့ မှာ လှေ၊ သမ္ဗန် များ သွားလာရေး အတွက် ကောင်းစွာအသုံးပြုနိုင်ခြင်း မရှိပါ။

## အလုပ်အကိုင်

ဒေသခံတိုင်းရင်းသားများမှာ အားလုံးလိုလို တောင်ယာလုပ်ငန်းသာ လုပ်ကိုင်စားသောက်ကြ၏။ ထို့ကြောင့်လည်း မော်ဖဒေသတစ်ခုလုံးနီးနီး တောင်ပြောင်များ ဖြစ်သွားကြ သည် ဟု ယူဆရပါသည် ။

## အထွေထွေဖော်ပြချက်များ

မော်ဖဒေသမှာ ရှေးယခင်အခါက ရှမ်းပြည်နယ်တွင် ပါဝင်ပြီး ရှမ်းစော်ဘွားများ ကွပ်ကဲမှု အောက်ရှိခဲ့သည် ဟု သိရပါသည် ။ အင်္ဂလိပ်မြန်မာ စစ်ပွဲများ ပြီးဆုံးပြီးနောက် မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်တို့ လက်အောက်ကျရောက်ခဲ့ရာ မော်ဖဒေသသည် လည်း ပါဝင်သွားခဲ့ပါသည် ။




ရှမ်းပြည်နယ်တောင်ပိုင်းသို့ အသွား လိန်းလီ ကြိုးတံတားရောက် စာရေးသူ (၂၀၁၁ ဧပြီလ)



မော်ဖဒေသတိုက်ပွဲများစာမူရေးသားရန် ရပခ သို့ရောက်နေသောစာရေးသူ (၂၀၁၁ ဧပြီလ)



ခရီးစဉ် အတွင်း ပင်းတယရောက် စာရေးသူနှင့်ဇနီး (၂၀၁၁ ဧပြီလ)




မော်ဖဒေသတိုက်ပွဲများ ရေးသားရန် ဗထူးတပ်နယ်ရောက် စာရေးသူ (၂၀၁၁ ဧပြီလ)

အင်္ဂလိပ်တို့ သည် Divide and Rule Policy ကို ကျင့်သုံးခဲ့သူများ ဖြစ်ရာ ရှမ်းပြည်နယ်အား အထိုက်အလျောက် ဖွံ့ဖြိုးအောင် ပြုလုပ်ပေးခဲ့ပြီး မော်ဖဒေသကိုမူ ဝတိုင်းရင်းသားများ ဒေသ ဖြစ်သဖြင့် စွန့်ပစ်ခဲ့ပုံရပါသည် ။ မည်သည့်တိုးတက်မှုရှိအောင်မျှ ဆောင်ရွက်ပေးခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ မော်ဖဒေသတွင် လမ်းများ လည်း ကောင်းကောင်း မရှိပါ။ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ဟူ၍ လည်း မတွေ့ခဲ့ရပါ။ ဗကပတို့ အုပ်စိုးသွားသည့် ၁၉၇၀ ခုနှစ်မှ ၁၉၈၀ ခုနှစ်ထိ ဆယ်နှစ်တာ ကာလတွင် လည်း ဗကပတို့ က ဝတိုင်းရင်းသားများအား စည်းရုံးသိမ်းသွင်း၍ စစ်တိုက်ပြီး အသေခံခိုင်းခဲ့သည် မှ လွဲ၍ ဘာမှ မည်မည်ရရ ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါ။

၁၉၉၀ ခုနှစ်လောက်ရောက်မှ တပ်မတော်အစိုးရက မော်ဖတွင် မက်မန်းမြို့သစ်ကိုတည်ကာ ဆေးရုံ၊ စာသင်ကျောင်း၊ နယ်ဘက်အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းပေး၍ လမ်းဖောက်၊ တံတားဆောက်ပြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ရာ ယခု ဤစာရေးသည့် အချိန်တွင် မူ မော်ဖဒေသသည် ကျိုင်းတုံ တောင်ကြီး ပြည်ထောင်စုကားလမ်းမကြီးနှင့် အဆက်အသွယ်ရပြီး စည်ကားသိုက်မြိုက်နေပြီဖြစ်ကြောင်း ကြားသိရပါသည် ခင်ဗျား။

*